# ၁၉၅၅ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေး နှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေ၊*

[၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၈။]
(၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် )

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၅ ခုနှစ်၊ နိုင်ငံတော် ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ နောက်တွင် အဆိုပါ အက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့ အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ၏ပုဒ်မ ၁၁၊ ပုဒ်မခွဲ (၅) တွင် "ဥက္ကဋ္ဌအား" ဆိုသည့် စကားရပ်အစား "ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌအား" ဆိုသည့် စကားရပ်ကို ထည့်သွင်းရ မည်။

၃။ ။ အဆိုပါအက်ဥပဒေ၏ပုဒ်မ ၁၈၊ အပိုဒ် (ဂ) တွင် "ဥက္ကဋ္ဌအားလည်းကောင်း" ဆိုသည့် စကားရပ် အစား "ဥက္ကဋ္ဌအားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအားလည်းကောင်း" ဆိုသည့် စကား ရပ်ကို ထည့်သွင်းရမည်။

၄။ ။ အဆိုပါအက်ဥပဒေ၏ပုဒ်မ ၂၄ ၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (က) တွင် "အိမ်" ဆိုသည့် စကား ရပ်အစား "အိမ်နှင့်ဈေး" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။ အဆိုပါ အက်ဥပဒေ၏ပုဒ်မ ၂၇ နောက်တွင် အောက်ပါကို၊ ပုဒ်မ ၂၇-က အဖြစ် ထည့်သွင်းရမည်။

"၂၇-က ။ ။ (၁) ဤအက်ဥပဒေအရ အဖွဲ့က တောင်းခံရန်ကျန်ရှိသော အခွန်၊ အခ၊ သို့တည်းမဟုတ် အခြားမပြေကျန်ငွေများကို၊ မြေခွန်တော် မပြေ ကျန်ငွေကဲ့သို့ အရတောင်းဆိုနိုင်သည်။

(၂) နိုင်ငံတော်သမ္မတသည် ထိုမပြေကျန်ငွေများကို၊ မည်သည့်အရာရှိ၏ လျှောက်လွှာ အရလည်းကောင်း၊ အမိန့်အရလည်းကောင်း၊ တောင်းဆို နိုင်ရမည်ဟု အမိန့် ကြော်ငြာစာဖြင့် သတ်မှတ်နိုင်သည်။

(၃) အဖွဲ့သည်၊ နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ကို ကြိုတင်ရယူပြီးနောက်၊ အဆိုပါ အခွန်၊ အခ၊ သို့တည်းမဟုတ် ကျန်ငွေကိုဖြစ်စေ၊ ၎င်းကို ကောက်ခံရာ၌

---

* မြန်မာနိုင်ငံ ပြန်တမ်း [illegible] ၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်၊ စာမျက်နှာ- ၁၅၅၄။

ကုန်ကျသည့်စရိတ်ငွေကိုဖြစ်စေ၊ သင့်တော်သည်ဟု ထင်မြင်ယူဆလျှင်၊ လျော့ပေါ့နိုင်သည် သို့တည်းမဟုတ် လျှော်ပစ်နိုင်သည်။"

၆။ ။ အဆိုပါအက်ဥပဒေ၏ပုဒ်မ ၂၉၊ အပိုဒ် (ခ) တွင် "ဥက္ကဋ္ဌအား သို့တည်းမဟုတ်" ဆိုသည့် စကားရပ်အစား "ဥက္ကဋ္ဌအား၊ သို့တည်းမဟုတ် ဒုတိယဥက္ကဋ္ဌအား၊ သို့တည်းမဟုတ်" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၇။ ။ အဆိုပါအက်ဥပဒေပုဒ်မ ၃၇ နောက်တွင် အောက်ပါကို၊ ပုဒ်မ ၃၇-က အဖြစ်ဖြင့် ထည့်သွင်းရမည်။

အသားတင်အမြတ်ငွေကို သုံးစွဲခြင်း။

"၃၇-က။ ။ ပုဒ်မ ၃၇ တွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေစီမံရာထားပြီးသည့်နောက်သတ်မှတ်ရမည့် အဖွဲ့၏အသားတင် အမြတ်ငွေကို၊ အခါအားလျော်စွာ အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်၍၊ နိုင်ငံတော်သမ္မတက ဆုံးဖြတ်သည့်နည်းလမ်းအတိုင်းသုံးစွဲရမည်။"

၈။ ။ အဆိုပါအက်ဥပဒေ၏ ပုဒ်မ ၄၀ ခြွင်းချက်အဆုံးတွင် အောက်ပါကို ထည့်သွင်းရမည်။

"ထိုသို့အဖွဲ့ကိုဖြစ်စေ၊ ဆိုခဲ့သည့်ပုဂ္ဂိုလ်ကိုဖြစ်စေ၊ တရားမမှုစွဲဆိုရာတွင် အဖွဲ့ကိုသော်လည်းကောင်း၊ ဆိုခဲ့သည့်ပုဂ္ဂိုလ်ကိုသော်လည်းကောင်း၊ နှစ်လကြိုတင်၍ စာဖြင့် အကြောင်းမကြားဘဲမစွဲဆိုရ။ အကြောင်းကြားစာကို အဖွဲ့၏ရုံးသို့သော်လည်းကောင်း၊ ဆိုခဲ့သည့် ပုဂ္ဂိုလ်၏ရုံး၊ သို့တည်းမဟုတ် နေအိမ်သို့သော်လည်းကောင်း၊ ပေးပို့ရမည့်ပြင်၊ အဆိုပါ အကြောင်းကြားစာတွင် အချင်းဖြစ်အကြောင်းအရာ၊ တရားလို၏ အမည်၊ နေရပ်နှင့်ရလိုသည့် သက်သာခွင့် ကိုဖော်ပြရမည်။ ယင်းသို့ စာဖြင့်အကြောင်းကြားပြီးကြောင်းကို အဆိုလွှာတွင် ဖော်ပြရမည်။"

◆ ◆ ◆ ◆ ◆